## မြန်မာ့စီးပွားရေးဘဏ်မှ
## ဘဏ်နှင့်ဆက်သွယ်သူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ်သည် ပြည်သူများအတွက် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို လုံခြုံစိတ်ချမှု အပြည့်အဝရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ အစိုးရဌာန ဆိုင်ရာအားလုံး၏ ငွေစာရင်းများကို ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အငြိမ်းစား မိဘ ပြည်သူများ၏ အငြိမ်းစားလစာ၊ ဆုကြေးကိစ္စရပ်များကိုလည်း တာဝန်ယူဆောင်ရွက်ပေးလျက် ရှိပါသည်။

၂။ အထက်ပါလုပ်ငန်းများအပြင် ဘဏ်နှင့်ဆက်သွယ်သူပြည်သူများ၏ ငွေစုဘဏ်အပ်ငွေ၊ စာရင်းရှင်အပ်ငွေ၊ စာရင်းသေအပ်ငွေ၊ အချိန်ပိုင်းအပ်ငွေ စသည့် အပ်ငွေအမျိုးမျိုးကို လက်ခံခြင်း နှင့် ချေးငွေအမျိုးမျိုးကို ထုတ်ချေးခြင်း၊ ပြည်တွင်းပြည်ပငွေလွှဲလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း တို့ကိုလည်း ပြည့်ဝသောဝန်ဆောင်မှုဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ ပြည်သူများ ငွေသွင်းငွေထုတ်အဆင်ပြေစေရန် ကိုယ်တိုင်ငွေသွင်းငွေထုတ်ခြင်း၊ ကိုယ်စား လှယ်ဖြင့် ငွေသွင်းငွေထုတ်ခြင်း၊ အင်တာနက်၊ မိုဘိုင်းလ်ဖုန်းများဖြင့် ငွေသွင်းငွေထုတ်ခြင်း၊ အေတီအမ်စက်များမှ ငွေထုတ်ခြင်းများကို စိတ်တိုင်းကျဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ငွေစု ဘဏ် အပ်ငွေစာရင်းများမှ မလိုအပ်ဘဲငွေထုတ်ယူပါက ရသင့်ရထိုက်သော အတိုးခံစားခွင့်များ နစ်နာနိုင်ပါကြောင်းနှင့် ပြည်သူများက မိမိတို့ငွေပေးချေလိုသည့်ပုံစံအတိုင်း ဘဏ်အချင်းချင်း စာရင်းလွှဲပြောင်းပေးခြင်း၊ ချက်လက်မှတ်များထုတ်ပေးခြင်း၊ ဘဏ်တွင်းစာရင်းလွှဲပြောင်းပေးခြင်း၊ ငွေလွှဲစနစ်ဖြင့်ပို့ပေးခြင်း စသည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ယုံကြည်စိတ်ချစွာအသုံးပြုနိုင် ပါကြောင်း၊ ပြည်သူများအနေဖြင့် ငွေသားပမာဏ များပြားစွာကိုင်တွယ်ရန် မလိုအပ်ဘဲ ငွေကြေး လုံခြုံမှုရှိစေရန် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို အပြည့်အဝ အသုံးပြုဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**